# ရှမ်းပြည်နယ် မြေယာစွန့်ဥပဒေ

## (၂၀၂၀ ပြည့်နှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဥပဒေအမှတ် ၄ ။)

## ၁၃၈၂ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၈ ရက်

## (၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၁၀ ရက်)

## နိဒါန်း

ရှမ်းပြည်နယ်လွှတ်တော်သည် ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

## အခန်း(၁)

## အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **ရှမ်းပြည်နယ် မြေယာစွန့်ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေသည် ရှမ်းပြည်နယ်အစိုးရအဖွဲ့က အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်သည့်နေ့မှစ၍ ရှမ်းပြည်နယ်တစ်ဝန်းလုံးတွင် အာဏာတည်စေရမည်။

၃။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **ပြည်နယ်** ဆိုသည်မှာ ရှမ်းပြည်နယ်ကို ဆိုသည်။

( ခ) **အစိုးရအဖွဲ့** ဆိုသည်မှာ ပြည်နယ်အစိုးရအဖွဲ့ကို ဆိုသည်။

( ဂ) **ဝန်ကြီးချုပ်** ဆိုသည်မှာ ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်ကို ဆိုသည်။

(ဃ) **ဝန်ကြီးဌာန** ဆိုသည်မှာ အစိုးရအဖွဲ့က တာဝန်ပေးအပ်သည့် သက်ဆိုင်ရာ ဝန်ကြီးဌာနကို ဆိုသည်။

( င) **ဝန်ကြီး** ဆိုသည်မှာ အစိုးရအဖွဲ့က တာဝန်ပေးအပ်သည့် သက်ဆိုင်ရာ ဝန်ကြီးကို ဆိုသည်။

( စ) **မြေယာခွန်အရာရှိ** ဆိုသည်မှာ မြေယာခွန်ကောက်ခံရန် ဤဥပဒေအရ တာဝန်ပေးအပ်ခြင်းခံရသူကို ဆိုသည်။

(ဆ) **မြေယာခွန် စည်းကြပ်သည့်ဌာန** ဆိုသည်မှာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနကို ဆိုသည်။

( ဇ) **ကောက်ကြီးခွန်** ဆိုသည်မှာ မိုးရာသီတွင် စိုက်ပျိုး၍ အောင်မြင်ဖြစ်ထွန်းသော စပါးသီးနှံနှင့် အခြားသီးနှံများ အပေါ်တွင် စည်းကြပ်ကောက်ခံသည့် အခွန်ကို ဆိုသည်။

( ဈ) **ကိုင်းမုရင်းခွန်** ဆိုသည်မှာ ဆောင်းရာသီနှင့် နွေရာသီတွင် စိုက်ပျိုးသော စပါးသီးနှံနှင့် အခြားသီးနှံများအပေါ်တွင် စည်းကြပ်ကောက်ခံသည့်အခွန်ကို ဆိုသည်။

(ည) **တောင်ယာခွန်** ဆိုသည်မှာ ရွှေ့ပြောင်းတောင်ယာ စိုက်ပျိုးမှုအပေါ် ကောက်ခံသည့်အခွန်ကို ဆိုသည်။

(၁၃) **မြေယာခွန်** ဆိုသည်မှာ ဤဥပဒေအရ လယ်ယာမြေအပေါ် စည်းကြပ်ကောက်ခံသော မြေယာခွန်ကို ဆိုသည်။

(၁၄) **မြေယာခွန်မပြေကျန်ငွေ** ဆိုသည်မှာ ဤဥပဒေအရ သတ်မှတ်သော မြေယာခွန်များကို သတ်မှတ်ကာလ အတွင်း မထမ်းဆောင်ဘဲကျန်ရှိနေသည့် မြေယာခွန်ကို ဆိုသည်။

**အခန်း(၂)**

**ရည်ရွယ်ချက်များ**

၄။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ခေတ်ကာလနှင့် လျော်ညီသော အခွန်နှုန်းထားများ သတ်မှတ်နိုင်ရန်၊

(ခ) ပြည်နယ်အတွက် ရသင့်ရထိုက်သော မြေယာခွန်များကို စနစ်တကျ ကောက်ခံနိုင်ရန်နှင့် ဘဏ္ဍာရန်ပုံငွေ တိုးတက် ရရှိစေရန်၊

(ဂ) တောင်သူလယ်သမားများ မြေယာခွန် ထမ်းဆောင်မှု အလေ့အထတိုးပွားလာစေရန်။

**အခန်း(၃)**

**ကောက်ခံမည့်မြေယာခွန်အမျိုးအစားနှင့် နှုန်းထားများ**

၅။ ဤဥပဒေတွင် အောက်ဖော်ပြပါ မြေယာခွန်အမျိုးအစားများ အကျုံးဝင်စေရမည်-

(က) ကောက်ကြီးခွန်

( ခ) ကိုင်းမုရင်းခွန်

( ဂ) တောင်ယာခွန်

၆။ ဤဥပဒေအရ ကောက်ခံမည့် မြေယာခွန်နှုန်းထားများကို နောက်ဆက်တွဲပါဇယားအတိုင်း သတ်မှတ်သည်။

၇။ (က) ပုဒ်မ ၆ အရ မြေယာခွန် စည်းကြပ်သည့်ဌာနမှ ပြုစုတင်ပြသော မြေယာခွန်နှုန်းထားများကို ပြည်နယ်လွှတ်တော်၏ အတည်ပြုချက်ဖြင့် ပြင်ဆင်သတ်မှတ်နိုင်သည်။

( ခ) ဝန်ကြီးချုပ်သည် ဤဥပဒေ ပုဒ်မ ၇(က)အရ ပြင်ဆင်သတ်မှတ်သည့် မြေယာခွန်နှုန်းထားများနှင့် စတင်စည်းကြပ်ရမည့်ကာလကို အမိန့်ကြော်ငြာစာ ထုတ်ပြန်ရမည်။

## အခန်း(၄)

## မြေယာခွန်ကို နှစ်စဉ်စည်းကြပ်ခြင်းနှင့် ကောက်ခံခြင်း

၈။ လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနသည် လယ်ယာမြေများပေါ်တွင် စိုက်ပျိုးလုပ်ကိုင်မှုအပေါ် မြေယာခွန်ကို နှစ်စဉ်ဘဏ္ဍာရေးနှစ်အလိုက် သတ်မှတ်ထားသော နှုန်းထားများနှင့်အညီ စည်းကြပ်ရမည်။

၉။ ဝန်ကြီးချုပ်သည် စည်းကြပ်နှစ်အလိုက် မြေယာခွန်ကောက်ခံနိုင်ရန်အလို့ငှာ မြေယာခွန်အရာရှိ အဆင့်ဆင့်ကို ခန့်အပ်တာဝန်ပေးရမည်။

၁၀။ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနသည် နှစ်စဉ်မြေယာခွန်များကို ကောက်ခံနိုင်ရန် အခွန်ပြေစာများကို ရေးသားပြုစုပြီး မြို့နယ်မြေယာခွန်အရာရှိမှတစ်ဆင့် ခရိုင်မြေယာခွန်အရာရှိထံ ပေးပို့ရမည်။

၁၁။ ကျသင့်ငွေ တွက်ချက်ထားသော မြေယာခွန် ပြေစာများကို သက်ဆိုင်ရာ ခရိုင်မြေယာခွန်အရာရှိက မှန် မမှန် စစ်ဆေး၍ ရုံးတံဆိပ်နှင့် အတည်ပြုလက်မှတ်တံဆိပ် ရိုက်နှိပ်ပြီး မြို့နယ်မြေယာခွန်အရာရှိမှတစ်ဆင့် သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု မြေယာခွန်အရာရှိကို တာဝန်ပေးအပ်၍ သတ်မှတ်ကာလအပြီး ကောက်ခံရန်နှင့် ရငွေကို သတ်မှတ်ငွေစာရင်း ခေါင်းစဉ်မှတစ်ဆင့် ပြည်နယ်ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်းစေရမည်။

၁၂။ ဝန်ကြီးချုပ်သည် မြေယာခွန်အရပ်ရပ်၏ နောက်ဆုံးကောက်ခံပေးသွင်းရမည့်နေ့ရက်ကို သတ်မှတ်ပေးရမည်။

## အခန်း(၅)

## မြေယာခွန်ကင်းလွတ်ခွင့်ပြုခြင်း

၁၃။ ဝန်ကြီးချုပ်သည် အောက်ပါအခြေအနေများတွင် မြေယာခွန်ကင်းလွတ်ခွင့်ပြုနိုင်သည်-

(က) ရေကြီးနစ်မြှုပ်ခြင်းကြောင့် သီးနှံများ ထိခိုက်ပျက်စီးခြင်း၊

( ခ) မိုးလို၊ မိုးခေါင်ခြင်းကြောင့် သီးနှံများ ထိခိုက်ပျက်စီးခြင်း၊

( ဂ) ပိုးမွှားရောဂါ ကျရောက်ခြင်းကြောင့် သီးနှံများ ထိခိုက်ပျက်စီးခြင်း၊

(ဃ) အခြားအကြောင်းများကြောင့် သီးနှံများ ထိခိုက်ပျက်စီးခြင်း။

၁၄။ ပုဒ်မ ၁၃ အရ ကင်းလွတ်ခွင့်ပြုခြင်းသည် စိုက်ပျိုးသည့် သီးနှံတစ်စုံတစ်ရာ ရိတ်သိမ်းပြီးမှ ပျက်စီးဆုံးရှုံးခြင်းနှင့် သက်ဆိုင်မှု မရှိစေရ။

၁၅။ ကင်းလွတ်ခွင့်ရရှိပြီးသော မြေယာခွန်များကို သတ်မှတ်ဘဏ္ဍာရေးနှစ်၏ အခွန်ရငွေစာရင်းမှ ပယ်ဖျက်ရမည်။

၁၆။ မြေယာခွန်အရာရှိသည် မှားယွင်းစည်းကြပ်သော အခွန်ငွေများကို သတ်မှတ်ချက်များနှင့်အညီ အခွန်ရငွေစာရင်းမှ ပယ်ဖျက်ခြင်း ပြုနိုင်သည်။

## အခန်း(၆)

## မြေယာခွန်မပြေကျန်ငွေကို အမှုတွဲဖွင့်၍ ကောက်ခံခြင်း

၁၇။ မြေယာခွန်မပြေကျန်ငွေများအား ကောက်ခံရာတွင် အောက်ပါအတိုင်း ဆောင်ရွက်ရမည်–

(က) ဝန်ကြီးချုပ်သည် မြေယာခွန်မပြေ ကျန်ငွေများအား အရကောက်ခံနိုင်ရေးအတွက် မြေယာခွန်အရာရှိ အဆင့်ဆင့်အား တာဝန်ပေးအပ်ရမည်။

( ခ) ယင်းသို့ မြေယာခွန်မပြေကျန်ငွေများအား ကောက်ခံရာတွင် မြေယာခွန်အရာရှိ အဆင့်ဆင့်မှ အခွန်အရကောက်ခံမှု အမှုတွဲဖွင့်လှစ်၍ ကောက်ခံရမည်။

## အခန်း(၇)

## မြေယာခွန်အရာရှိ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၁၈။ ဝန်ကြီးချုပ်သည် ဤဥပဒေအရ ဆောင်ရွက်ရန် မြေယာခွန်အရာရှိ အဆင့်ဆင့်၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို သတ်မှတ်ပေးရမည်။

၁၉။ မြေယာခွန်အရာရှိ အဆင့်ဆင့်သည် သက်ဆိုင်ရာ ဝန်ကြီးနှင့် ဝန်ကြီးချုပ်တို့ကို တာဝန်ခံဆောင်ရွက်ရမည်။

၂၀။ မြေယာခွန်အရာရှိ အဆင့်ဆင့်သည် မြေယာခွန်နှင့် စပ်လျဉ်းသော မိမိ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို တိကျစွာလိုက်နာကျင့်သုံးဆောင်ရွက်ရမည်။

၂၁။ ဤဥပဒေအရ မြေယာခွန် ကောက်ခံရန် တာဝန်ပေးအပ်ခြင်းခံရသော ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု မြေယာခွန်အရာရှိသည်

မြေယာခွန် ကောက်ခံခြင်းနှင့် စပ်လျဉ်း၍ သော်လည်းကောင်း၊ ကောက်ခံရရှိပြီးသော မြေယာခွန်ငွေအတွက် သော်လည်းကောင်း တာဝန်ရှိသည်။

## အခန်း(၈)

## အထွေထွေ

၂၂။ မြေယာခွန်မပေြ ကျန်ငွေကောက်ခံရာတွင် အထက်မြန်မာ နိုင်ငံတော် မြေနှင့် အခွန်စည်းမျဉ်း (The Upper Burma Land and Revenue Regulations, 1889)ပါ လုပ်ထုံးလုပ်နည်းများနှင့်အညီ အရ ကောက်ခံရမည်။

၂၃။ ဤဥပဒေအရ ပေးအပ်သော တာဝန်ဝတ္တရားများ ဆောင်ရွက် သည့် မြေယာခွန်အရာရှိကို ရာဇဝတ်ကြောင်းအရဖြစ်စေ၊ တရားမ ကြောင်းအရဖြစ်စေ၊ တရားစွဲဆိုခြင်း မပြုရ။

၂၄။ ဤဥပဒေအရ စီရင်ဆုံးဖြတ်သည့် ကိစ္စများနှင့် စပ်လျဉ်း၍ စာချွန်တော်အမိန့် ထုတ်ဆင့်ပေးရန် လျှောက်ထားခြင်းမှတစ်ပါး မည်သည့်တရားရုံးကမျှ စီရင်ပိုင်ခွင့်အာဏာ မရှိစေရ။

၂၅။ ဤဥပဒေ ပြဋ္ဌာန်းချက်များသည် ၂၀၀၈ ခုနှစ်၊ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များ၊ အခြားတည်ဆဲမြေယာခွန်နှင့် စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သမျှ ကာလပတ်လုံး အတည်ဖြစ်သည်။

၂၆။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက်–

(က) အစိုးရအဖွဲ့သည် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ထုတ်ပြန်နိုင်သည်။

( ခ) ဝန်ကြီးသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) ဒေါက်တာလင်းထွဋ်

ဝန်ကြီးချုပ်

ရှမ်းပြည်နယ်အစိုးရအဖွဲ့

နောက်ဆက်တွဲ(က)

# မြေယာခွန်အမျိုးအစားများနှင့် ကောက်ခံမည့် (၁)ဧက နှုန်းထား

## (က) ကောက်ကြီးခွန်

| စဉ် | မြေမျိုးကြီး | ကောက်ခံမည့် မြေယာခွန်နှုန်းထား | |
|---|---|---|---|
| | | ကျပ် | ပြား |
| ၁ | လယ်မြေ (မိုးကောင်းသောက်) | ၇၀၀ | |
| ၂ | လယ်မြေ (အစိုးရဆည်ရေသောက်) | ၈၀၀ | |
| ၃ | ယာမြေ | ၆၀၀ | |
| ၄ | ကိုင်း၊ ကျွန်းမြေ | ၆၀၀ | |
| ၅ | ဥယျာဉ်ခြံမြေ | ၁၂၀၀ | |
| ၆ | ဥယျာဉ်ခြံမြေ (အစိုးရဆည်ရေသောက်) | ၁၅၀၀ | |
| ၇ | ကြက်ပေါင်စေးမြေ | ၁၂၀၀ | |

နောက်ဆက်တွဲ(က-၁)

## ( ခ) ကိုင်းမုရင်းခွန်

| စဉ် | မြေမျိုးကြီး/ သီးနှံအမျိုးအစား | ကောက်ခံမည့် မြေယာခွန်နှုန်းထား | |
|---|---|---|---|
| | | ကျပ် | ပြား |
| ၁ | လယ်မြေ (အစိုးရဆည်ရေသောက်) | ၈၀၀ | |
| ၂ | ကြံ | ၆၀၀ | |
| ၃ | ဆေး | ၈၀၀ | |
| ၄ | ကြက်သွန် | ၁၀၀၀ | |
| ၅ | ကွမ်း | ၂၀၀၀ | |

## ( ဂ) တောင်ယာခွန်

| စဉ် | မြေမျိုးကြီး | ကောက်ခံမည့် မြေယာခွန်နှုန်းထား | |
|---|---|---|---|
| | | ကျပ် | ပြား |
| ၁ | သီးနှံ (၁)ဧက | ၅၀၀ | |

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ | |
|---|---|---|---|
| | | မှ | ထိ |
| ၁။ | နိဒါန်း | ၁ | ၁ |
| ၂။ | အခန်း(၁) အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက် | ၁ | ၃ |
| ၃။ | အခန်း(၂) ရည်ရွယ်ချက်များ | ၃ | ၃ |
| ၄။ | အခန်း(၃) ကောက်ခံမည့် မြေယာခွန် အမျိုးအစားနှင့် နှုန်းထားများ | ၃ | ၄ |
| ၅။ | အခန်း(၄) မြေယာခွန်ကို နှစ်စဉ် စည်းကြပ်ခြင်းနှင့် ကောက်ခံခြင်း | ၄ | ၅ |
| ၆။ | အခန်း(၅) မြေယာခွန်ကင်းလွတ်ခွင့်ပြုခြင်း | ၅ | ၆ |
| ၇။ | အခန်း(၆) မြေယာခွန်မပြေကျန်ငွေကို အမှုတွဲဖွင့်၍ ကောက်ခံခြင်း | ၆ | ၇ |
| ၈။ | အခန်း(၇) မြေယာခွန်အရာရှိ၏တာဝန်နှင့် လုပ်ပိုင်ခွင့်များ | ၇ | ၇ |
| ၉။ | အခန်း(၈) အထွေထွေ | ၈ | ၉ |
| ၁၀။ | မြေယာခွန် အမျိုးအစားများနှင့် ကောက်ခံမည့် (၁)ကေနှုန်းထား | | |

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ရှမ်းပြည်နယ်လွှတ်တော်
# တောင်ကြီးမြို့

## ရှမ်းပြည်နယ် မြေယာခွန်ဥပဒေ
(၂၀၂၀ ပြည့်နှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဥပဒေအမှတ် ၄ ။)

ရှမ်းပြည်နယ်လွှတ်တော်က ထုတ်ဝေသည်။
၂၀၂၀ ပြည့်နှစ်